# လိတ္တူကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈ - ၂၀၂၂)

## ပြုစုရေးဆွဲသူ

## ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

## လိတ္တူကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၁-၆ |
| အတိုကောက်စကားလုံးများ | | ၇ |
| စကားချီး | | ၈-၉ |
| လိတ္တူကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟာသ်ာတမြို့နယ် | | ၁၀ |
| လိတ္တူကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၁၁ |
| လိတ္တူကျေးရွာ အဖွဲ့အစည်းပြမြေပုံ | | ၁၂ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | | ၁၃ |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၃ |
| | (၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၃-၁၄ |
| | (၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၄-၁၅ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၅ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၄ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၅ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၆ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | ၁၆ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၆-၁၇ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၇ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၇ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၇ |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၇-၁၈ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၈ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | ၁၈ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၈-၁၉ |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၉ |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | ၁၉ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၂၀ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၂၀-၂၁ |

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၂၁-၂၂

(ဇ) အခြေခံအဆောက်အဦ - လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့်ဆက်သွယ်ရေး ၂၂

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃

(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊
အဟန့်အတားနှင့် စိန်ခေါ်မှုများ ၂၃

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၂၃

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၂၄

(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၂၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၆

(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၆-၂၇

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆-၂၇

(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၇

(ဂ) ဦးစားပေးစီမံချက်များ ၂၈-၂၉

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀-၃၁

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၁-၃၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ ၃၂

(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂

(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၃၃

(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၃

(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် ၃၄
အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ
အစီအမံများ

(၁၁)စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၄
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၃၄-၃၆
(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၃၆

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**


| | | | |
|---|---|---|---|
| (၁) | လူမှုစီးပွားရေး အခြေအနေ | | ၃၇ |
| | ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၃၇ |
| | ဇယား ၂ | လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား | ၃၈-၄၁ |
| | ဇယား ၃ | လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား | ၄၂ |
| | ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၃ |
| | ဇယား ၅ | ခုတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၄၃-၄၄ |
| | ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၄၄ |
| | ဇယား ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၄၅ |
| | ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၄၆ |
| | ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၄၇ |
| | ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၈ |
| (၂) | ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ | | ၄၉ |
| | ဇယား ၁၁ | ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ | ၄၉ |
| | ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၅၀ |
| | ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၅၁ |
| | ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၁-၅၂ |
| | ဇယား ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၅၂ |
| | ဇယား ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၅၃ |
| | ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၅၃-၅၄ |
| | ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၅-၅၆ |
| | ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**များ** | ၅၆-၅၇ |
| | ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၇-၅၉ |

| | | |
|---|---|---|
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၉-၆၀ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၆၁-၆၂ |
| ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၆၂-၆၃ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံပုံစံနှင့်အချိန်ကာလ | ၆၄-၆၅ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၆၅ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၆၆ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊စျေးကွက်လက်လှမ်းမီမှုအခြေအနေ | ၆၆-၆၇ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၆၈-၆၉ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၇၀ |
| ဇယား ၃၀ | ပညာရေးနှင့်စာတတ်မြောက်မှု | ၇၀-၇၁ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၇၂ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၂-၇၃ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၄ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၇၄-၇၅ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၅ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၆ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၇၇-၇၈ |

ဇယား ၃၈ အိမ်သာအမျိုးအစား ၇၈

ဇယား ၃၉ ကျား၊ မရေးရာ ၇၉

ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ ၈၀

ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု ၈၁

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၈၂

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၈၃

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၈၄

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၈၅

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၈၅-၈၆

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၈၆

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၈၆

ကိုးကားစာရင်း ၈၇

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်

သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဥ်တွင်အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဥ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဥ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လိတ္တူကျေးရွာ
ဟသ်ာတမြို့နယ်

## လိဝ်နုံးကျေးရွာအုပ်စု၊ လိတ္တူကျေးရွာ၊ သယံဇာတပြမြေပုံ



# လိတ္တူကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကဲ | ခါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | – | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

လိတ္တူကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရ စေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊

ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် နိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများ ကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ

သည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟသ်ာတမြို့နယ်၏ တောင်ဘက်(၁၈)မိုင် ခန့်အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် နဝင်းကျေးရွာ၊ အရှေ့မြောက်ဘက်တွင် ကွမ်းခြံကုန်းကျေးရွာနှင့်တောင်ဘက်တွင် လေးမျက်နှာမြို့နယ်မှ ရုံးစုကျေးရွာတို့တည်ရှိသည်။ လိတ္တူကျေးရွာသည် မြစ်ဝကျွန်းပေါ် ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်သည်။ အပူချိန် အများဆုံးဖြစ်သော ဧပြီလတွင် အမြင့်ဆုံး အပူချိန်မှာ ၄၀ဒီဂရီစင်ဒီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၁၂ဒီဂရီစင်ဒီဂရိတ် ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှနှုန်း မိုးရွာသည့်ရက်မှာ(၁၀၇)ရက်ဝန်းကျင်ဖြစ်သည်။ မိုးရေချိန်မှာ (၉၃.၉၇") ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

ဤကျေးရွာသည်လိပ်ခုံးအုပ်စုတွင်ပါဝင်ပြီးမြစ်ဝကျွန်းပေါ်ဒေသဖြစ်ပါသည်။ ၎င်းကျေးရွာသည်လယ်ယာစီးပွားရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြသည်။

### (ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးလယ်မြေ၊လိတ္တူအင်းနှင့် မြေအောက်ရေမှ လွဲ၍ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက်အထောက်အကူပြုနိုင်မည့်အခြားသဘာဝ အရင်းအမြစ်များ မရှိပါ။ နွေရာသီတွင်စိုက်ပျိုးရေးအတွက်လိတ္တူအင်းမှရေနှင့် အဝီစိတွင်းများတူး၍အသုံးပြုလျက်ရှိရာသောက်သုံးရေကို အဝီစိတွင်းနှင့် အုတ်စီရေတွင်းများမှ အသုံးပြုပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၇၂)စုနှင့် ကျား(၃၄၅)၊ မ(၃၈၀)ဦးဖြင့် လူဦးရေပေါင်း (၇၂၅)ဦး ရှိကာတစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၇၀%ရှိပြီး ၁၅နှစ်အောက် လူဦးရေနှင့် (၆၀) နှစ်အထက်လူဦးရေစုစုပေါင်း(၃၀%)သည် မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာတွင် နေထိုင်သူ အမျိုးသားနှင့် အမျိုးသမီးလူဦးရေမှာ ကွာခြားမှုနည်းသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အထောက်အပံ့အကူညီကောင်းများ ရရှိနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာအိမ်ထောင်စုများ၏ ၅၈%မှာ တောင်သူများဖြစ်ကြပြီး ၂၅% မှာ လယ်ယာလုပ်ငန်းတွင် နေ့စားလုပ်ငန်းဖြင့် အဓိက အသက် မွေးပါသည်။ ကျန်၁၇%သော အိမ်ထောင်စုများမှာ ဝန်ဆောင်မှုလုပ်ငန်းများ၌ လခစား ဝန်ထမ်း၊နေ့စားလုပ်သားများအဖြစ်ရပ်တည်ကြပါသည်။ သီးနှံ စိုက်ပျိုးခြင်းမှ ဝင်ငွေနည်းခြင်း၊ နေ့စားလုပ်ငန်းများ ပုံမှန်မရှိခြင်းတို့ကြောင့် ၃၃%သော အိမ်ထောင်စုမှ တစ်အိမ်လျှင် မိသားစုဝင် ပျှမ်းမျှနှစ်ဦးနှုန်း ပြင်ပတွင် လုပ်သားများအဖြစ် သွားရောက်၍ ဝင်ငွေရှာ ကြရပါသည်။

ဥစ္စာခနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၄၄%) နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများ ဖြစ်ပါသည်။အဆင်ပြေသော အိမ်ထောင်စုမှာ (၈)စု ရှိပြီး၊အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၂၇)စု၊ မပြေလည်သော အိမ်ထောင်စုမှာ (၅၂)စုနှင့် အလွန် မပြေလည်သော အိမ်ထောင်စုမှာ (၇၆)စုတို့ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ပျမ်းမျှအားဖြင့်လယ်(၁၀)ကေဝန်းကျင်နှင့် အထက်ပိုင်ဆိုင် ကြပြီး လယ်ယာ သုံးစက်ကိရိယာများ ပိုင်ဆိုင်မှုရှိကာ အိမ်အခြေအနေ ကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ခြံမြေအသင့်အတင့်ရှိကြ၍ ကုန်စုံဆိုင်ရောင်းသူများနှင့် ဝန်ထမ်းများ ဖြစ်ကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင်ကောင်းမွန်သောအိမ်ခြေမရှိခြင်း၊ လယ်ယာမြေ အနည်း

ငယ်(သို့)ပိုင်ဆိုင်မှုမရှိခြင်းတို့ကြောင့် နေ့စား၊ ကျပန်းအလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

မိုးအများဆုံးရွာသော ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် ယခင်က အနိမ့်ပိုင်းလယ်ကေများ ရေကြီးနစ်မြုပ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ယခုအခါကျုံကတိုးချောင်းရေနှုတ်မြောင်း စီမံကိန်းကြောင့် ရေနစ်မြုပ်မှု မရှိသောကြောင့် အကျိုးကျေးဇူးများ ခံစားရပြီဖြစ်ပါသည်။ ဝမ်းဆာ ဖူလုံမှု ကိန်းဂဏန်းအချက်အလက်များကောက် ယူထားခြင်းမရှိပါ။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာလူထုအတွင်း၌ စိုးရိမ်ရသော အဖျားအနာရောဂါများများ မတွေ့ရပါ။ ဒေသထွက် ရာသီပေါ်အသီးအနှံများဖြင့် ကျေးရွာတွင်းရှိ ရွာသူ/သားများမှာ အဟာရသင့်တင့် မျှတမှု ရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာရှိ ၉နှစ်နှင့်အထက်လူဦးရေ၏ ၅၂% သည် မူလတန်း ပညာအဆင့်ရှိပြီး ၃၆%သည် အလယ်တန်းပညာ၊ ၉%သည် အထက်တန်း ပညာနှင့် ၃%သည် တက္ကသိုလ်ပညာအဆင့် ရှိကြပါသည်။ အလုပ်လုပ်နိုင်သူ လူဦးရေ ရာခိုင်နှုန်း အများစုမှာ ပန်းရံ၊ လက်သမားလုပ်ငန်းများ လုပ်ကိုင်နိုင်ကြပါသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

လိတ္တူကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေများအနက်အမျိုးသမီးဦးရေမှာအမျိုးသားဦးရေထက်ပိုများပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင်အမျိုးသားတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရှိပြီးကွမ်းခူးချိန်၊ကောက်စိုက် ချိန်၊ ပေါင်းနုတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကျေးရွာ၏ အိမ်ထောင်စုပေါင်း (၁၀၁)အိမ်ခန့် အလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာ၏ နည်းပညာနှင့် စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက် အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေမှာ တန်းတူနီး ပါးရှိပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက် ရာတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွင်း ရံဖန်ရံခါမိသားစုချင်း အချေအတင် အငြင်းပွားရာမှလွဲ၍ အကြမ်းဖက်မှု၊တိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်းခွဲခြား ဆက်ဆံမှု

မရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးစည်းလုံးညီညွတ်စွာ နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

လိတ္တူကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

လိတ္တူကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မိဘဆရာအသင်း ရပ်မိရပ်ဖ၊ ဂေါပက၊ စိုက်ပျိုးရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့တို့သည်ကျေးရွာ၏သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ ၊ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ ၊ပြင်ပအဖွဲ့အစည်းများ နှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

လိတ္တူကျေးရွာရှိ လယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ မိုးစပါးဖြစ်ပြီး နွေစပါးအနည်းငယ်နှင့်သီးထပ်အဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ပြောင်းစသည်တို့ကိုလည်းစိုက်ပျိုးကြပါသည်။ မိုးစပါး စိုက်ခင်းအားလုံးသည် ပျိုးနှုတ်၊ ကောက်စိုက်လုပ်သားရှားပါးခြင်းကြောင့် မျိုးစေ့ကြဲ(ကြဲခင်း)စနစ်ကို ကျင့်သုံးကြပါသည်။ ထို့ပြင် လယ်သမားအများစုမှာ မျိုးသန့်စပါးမျိုးစေ့ မရရှိသဖြင့် ကြိတ်ခွဲရန် စပါးများကိုမျိုးအဖြစ် ပြန်လည်စိုက်ပျိုးရပါသည်။ ထို့ကြောင့် တစ်ကေပျှမ်းမျှ အထွက်နှုန်းမှာ (၇၅) တင်းသာရှိပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော ငွေကြေးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် ကုန်သည်များထံမှ ချေးယူရရှိပြီး စိုက်ပျိုးရေးစရိတ်ကို အထောက်အကူဖြစ်စေပါသည်။ သို့သော် ဓာတ်မြေသြဇာနှင့် ရိတ်သိမ်းစရိတ်တို့အတွက် ကုန်သည်များနှင့် စိုက်ပျိုးရေးဆေးအရောင်းဆိုင်တို့မှ အတိုးနှုန်းတစ်လလျှင်

(၃)ကျပ်မှ(၅)ကျပ်အထိ လိုအပ်သော ချေးငွေများကိုရယူပါသည်။ နန္ဒင်းနှင့် ကလောစိုက်ပျိုးသူများ ၊ ကွမ်းစိုက်ပျိုးသူများသည် စိုက်ကေနည်းသော် လည်း စိုက်ပျိုးသီးနှံရာသီဥတုကောင်း၍ ဈေးကောင်းသော နှစ်များတွင် အကျိုး ကျေးဇူး ခံစားရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အလုပ်လုပ်ကိုင် နိုင်သူ လူငယ်များအတွက် လုပ်ငန်းအခွင့်အလမ်း ပိုမိုကောင်းမွန်ရေးအတွက် ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရန်လိုအပ်ပါသည်။ လက်ရှိတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း ခေါင်းရွက်ဗျပ်ထိုး၊ လက်သမားပန်းရံ၊ အစိုးရ ဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ များပြားပြီးလူ့အရင်းအမြစ်အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ လုပ်ငန်း ခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင် မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

လိတ္တူကျေးရွာတွင် သဘာဝမြေသြဇာကို ရှေးယခင်က သုံးစွဲခဲ့သော် လည်း နောက်ပိုင်းတွင် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု များပြား သဖြင့်မြေဆီလွှာအရည်အသွေးကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားလာပါသည်။ မြေဆီလွှာပျက်စီးမှုအား စိုက်ပျိုးရေး ပညာရှင်များ၏ အသိပညာနှင့် နည်းပညာပေးဆွေးနွေးမှုကြောင့် ယခုအခါ ပြန်လည် ပြုပြင် လျက်ရှိပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဖူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ဤ ကျေးရွာမှာမြေမြင့်သောအပိုင်းတွင်တည်ရှိ၍ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေး သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေး အန္တရာယ်တို့ နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာတခါတရံ ကြုံတွေ့ရ တတ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကိုတစ်လအတိုးနှုန်း(၈၀)ပြားတိုး၊ တစ်ဧက တစ်သိန်း ခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ သမဝါယမ အသင်းမှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထည့်ဝင်ဆုငွေ (၅၀၀၀)ကျပ်ပေးသွင်းရပြီး ပထမဆုံးအကြိမ်တစ်သိန်းကျပ်မှ တဖြည်းဖြည်း တိုး၍ ထုတ်ချေးပေးလျက်ရှိပါသည်။

ကျေးရွာတွင်မဟာသြဘာ၊ မြတ်ကျွန်းသာ၊ ဖူလ်တန်စသော ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များ၊ ကျေးရွာရန်ပုံငွေအဖွဲ့တို့ ဖွဲ့စည်းထားပြီးရွာသား အများစုသည် အဖွဲ့အလိုက်အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ တစ်နှစ် အတိုးနှုန်း ၃၀%ဖြင့် အသင်းဝင်များငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိက ငွေစု ငွေချေးအဖွဲ့များတွင် ချေးငွေကို (၁၂)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ် စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ စည်းကမ်းပိုင်းတွင် တင်းကျပ် ထားသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိ ရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက် အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိမူလတန်းကျောင်းတွင်ကျောင်းသားဦးရေ(၈၉)နီးပါးရှိသည့် အနက်ယောကျ်ား(၄၆)ယောက်၊မိန်းကလေး(၄၃)ယောက်ရှိပါသည်။မူလတန်း အဆင့်အောင်မြင်ပြီးသူများမှာ(၃)မိုင်ခန့်ဝေးသော ယုန်သလင်းအခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြရပါသည်။ ကျောင်း အကျိုးတော်ဆောင်(၉)ဦးနှင့် မိဘဆရာအဖွဲ့များ ပါဝင်သော မိဘဆရာ အသင်း(၁၁)ဦးတို့သည် ကျောင်းလိုအပ်ချက်များကို ပူးပေါင်း ဆောင်ရွက် ကြသောကြောင့် ကျောင်းပညာရေး အခြေအနေများအတွက်အခက်အခဲမရှိ ဆောင်ရွက်နိုင်ပါသည်။ အချို့ကျောင်းသားများသည် (အ.မ.က)မူလွန် ဗန်းမော်ကြီး ကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာရှိ

အခြေခံမူလတန်း ကျောင်းဆောင် (၆၀’×၃၀’)ရှိသော တစ်ထပ်ကျောင်းဆောင်နှင့် (၅၀’×၂၀’) ရှိသောကျောင်းဆောင်တစ်ခုရှိပြီး အလယ်အလတ်အရည်အသွေးကောင်းမွန်ကြသည်။ ကျောင်းတွင် အစိုးရခန့် ကျောင်းအုပ်ဆရာကြီး(၁)ဦးနှင့် ကျောင်းဆရာမ(၄)ဦး စုစုပေါင်း(၅)ဦး ရှိပါသည်။ ကျောင်းသား နှင့် ဆရာမ အချိုးညီမျှမှုလဲရှိပါသည်။ ကျောင်းအိမ်သာများမှာ အသင့်အတင့် ကောင်းမွန်မှုရှိပြီး သောက်သုံးရေအတွက် သန့်ရှင်းပြီး လုံလောက်မှုရှိပါသည်။ကျောင်းသား/ ကျောင်းသူများအတွက် ကျောင်းအားကစားကွင်းအဖြစ် သတ်မှတ်ရန် မြေကွက်လပ်ရှိပြီး မြေပြင်ပြုပြင်ခြင်း မရှိသောကြောင့် ကျောင်းအားကစားကွင်းအဖြစ် အသုံးပြုရန်မရနိုင်ပေ။ ကျေးရွာရှိမူလတန်းကျောင်းတွင် အောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများသည် ပတ်ဝန်းကျင်ရှိ မူလွန်၊ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ ဆက်လက် ပညာသင်ယူရသောကြောင့် အောင်ချက်မြင့်မားရန်အတွက် တွန်းအားပေးဆောင်ရွက်ရန်လိုအပ် ပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် ကာကွယ်ဆေးထိုးနှံမှုများကိုကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များကို ထိုးနှံပေးလျက်ရှိပါသည်။ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသော သာမန်ရာသီတုတ်ကွေး အဖျားများအတွက် ကျေးရွာရှိ ဆေးဆိုင်များတွင် ရောင်းချသော ဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးရွားသောရောဂါများနှင့် မတော်တဆထိခိုက်မှုများအတွက်ကျေးရွာနှင့် (၈) မိုင်ခန့် ကွာဝေးသော နိဗ္ဗာန်တိုက်နယ်ဆေးရုံနှင့် (၁၈)မိုင်ခန့် ကွာဝေးသော ဟသ်ာတမြို့နယ်ဆေးရုံသို့ သွားရောက် ကုသကြပါသည်။

သောက်သုံးရေမှာ ဖူလုံမှုရှိသော်လည်း သောက်သုံးရေ၏ အရည်အသွေးကို စနစ်တကျ စမ်းသပ်စစ်ဆေးထားခြင်းမရှိပါ။ အိမ်တိုင်းတွင် ယင်လုံအိမ်သာကို ဆောက်လုပ်အသုံးပြုလျက်ရှိခြင်းဖြင့် ကျန်းမာရေးကို အလေးထား ဆောင်ရွက်ပါသည်။ သို့သော် အစားအစာကိုမူ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်သည့် အလေ့အထဖြစ်ရန်လိုအပ်လျက်ရှိပါသည်။ (ဥပမာအားဖြင့် အချိုမှုန့်များ စားသုံးခြင်း၊ ဆေးဆိုင်များမှ စပ်ပေးသော ဆေးဝါးများ ဝယ်ယူသောက်သုံးခြင်း)။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာကျေးရွာ၏ သာရေး ၊နာရေး ၊ဘာသာရေးဆိုင်ရာကိစ္စများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြသည်။ လူငယ်များအတွက်

အားကစားနှင့် ကာယလေ့ကျင့်ခန်းလုပ်ရန် သီးသန့်နေရာနှင့် အထောက် အကူပြု ပစ္စည်းများမရှိသော်လည်း ပိုက်ကျော်ခြင်း၊ ဘောလီဘော၊ဘောလုံး စသည့် အားကစားများကို အလျင်းသင့်သလိုကစားကြသည်။ သို့သော် လူငယ်များဖွံ့ဖြိုးရေးအတွက် စနစ်တကျဆောင်ရွက်မည့် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များမရှိပါ။

## (ဇ) အခြေခံ အဆောက်အဦး/ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဘာသာရေးအဆောက်အဦးအဖြစ် ရွာအရှေ့တွင် (စိတ္တ ဝံသာရုံ)နှင့် ရွာအနောက်တွင် (ဇေယျာသိဒ္ဓိ) ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိပြီး ပညာရေးအဆောက်အဦအဖြစ် အ.မ.က လိတ္တူစာသင် ကျောင်း ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအဖြစ် မြေသားလမ်းကိုအသုံး ပြုလျက်ရှိရာယခုတိုင် ဖြစ်သည်။ ကျေးရွာတွင်း သယ်ယူပို့ဆောင်ရေးအတွက် ထွေလာဂျီ(၉)စီးစက်ဘီး(၁၀၀)ကျော်ခန့်ဆိုင်ကယ်(၇၀)စီး၊ ပုဇဉ်း ခေါင်း (၁)စီး ရှိပြီး ပွင့်လင်းရာသီတွင်အဆင်ပြေစွာ အသုံးပြုလျက်ရှိ ပါသည်။

ကျေးရွာဆက်သွယ်ရေးအတွက် မြေသားလမ်းဖြစ်သည့်အလျောက် လမ်းပိုင်းပျက်ဆီးမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပ(၆)လကာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှ နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း (၁၀၀)နှင့် လိတ္တူကျေးရွာမှ ပြည်သူ ထည့်ဝင်ငွေကျပ်(၆၈)သိန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း (၁၆၈)သိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာ ကျောက်ခင်းလမ်းကို အကောင် အထည်ဖော်ဆောင်ရွက်ရန်ရှိပါသည်။ လိတ္တူကျေးရွာတွင် တယ်လီဖုန်းလိုင်း နှင့် ဂြိုလ်တုစလောင်း၊ရေဒီယိုတို့ကို အသုံးပြုသောကြောင့် သတင်းအချက် အလက်များကို အချိန်နှင့်တပြေးညီ ရရှိနိုင်ပါသည်။

ကျေးရွာသည် လျှပ်စစ်မီးရရှိသည့်နေရာနှင့်(၂) မိုင်ခွဲခန့်ကွာဝေးပါ သည်။ လူနေမှုအဆင့်အတန်း တိုးမြင့်လာစေရေးအတွက် လျှပ်စစ်မီးရရှိရေး ကို ကျွန်ုပ်တို့၏စီမံချက်တွင်ထည့်သွင်းရေးသားထားပါသည်။သို့သော် လျှပ်စစ် မီးရရှိရေးအတွက် ကျေးရွာ၏ကိုယ်ထူ ကိုယ်ထအားဖြင့် မရရှိနိုင်ပါသဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ကို မျှော်လင့်နေကြရပါသည်။ နိုင်ငံတော်၏ မီးလင်း ရေး ဘတ်ဂျက်ကျလျှင် ကျေးရွာမီးလင်းရေးအတွက် အစွမ်းကုန် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းရှိသောကြောင့် ဘုန်းတော်ကြီးများနှင့် လူကြီးများ၏ သွန်သင်ဆုံးမမှုကြောင့် အေးချမ်းစွာ နေထိုင်ကြပြီးပြဿနာကြီးကြီးမားမားဖြစ်ခြင်းမရှိပါ။ ကျေးရွာ တည်ငြိမ်ရေး အတွက်ရာအိမ်မှူးနှစ်ဦးနှင့်ဆယ်အိမ်မှူး(၁၃)ဦး၊ ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် လူငယ်များပူးပေါင်းဆောင်ရွက်မှုများရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

လိတ္တာျုကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၄၅%)ရှိပါသည်။ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။လူကြီး၊လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ် ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

လိတ္တာျုကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကိုအခြေခံပြီး စီးပွားရေး လုပ်ကိုင်ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်း၊ ရာသီပေါ်သီးနှံ စိုက်ပျိုးခြင်း များ လုပ်ကိုင် ဆောင်ရွက်ကြသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သောကြောင့် သွားလာ ဆက်သွယ်ရေးခက်ခဲပါသည်။

လိတ္တာျုကျေးရွာရှိ မူလတန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများအတွက် သင့်တော်သော ဆရာလုံလောက်မှုရှိသည့်အပြင် မိဘ ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သော ကြောင့် မူလတန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဆင့် ပညာရေးအတွက် ကောင်းမွန် သော အလားအလာများဖြစ်ပါသည်။ထို့အပြင် လိတ္တာျုအ.ထ.က(ခွဲ) ကျောင်းနှင့် ကျေးရွာ အကွာအဝေးမှာ ပေ(၃၀၀၀)ရှိသောကြောင့် သွားလာရေး အဆင်ပြေပါသည်။ မြို့နယ်ပြည်သူ့ ဆေးရုံနှင့်(၇)မိုင် ကွာဝေး ပြီး ယုန်တလင်းဆေးရုံနှင့် (၃)မိုင်ကွာဝေးပါသည်။မည်သည့် ဆေးရုံမဆို ကားလမ်းနှင့်တစ်သွယ် ရထားနှင့်တစ်ဖုံ၊ဆိုင်ကယ်နှင့်တစ်သွယ် အလွယ်တကူ သွားလာနိုင်ပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

### (၁) စိုက်ပျိုးရေး

လိတ္တာူကျေးရွာတွင် ကွမ်းပင်စိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။

### (၂) မွေးမြူရေးနှင့်ရေလုပ်ငန်း

လိတ္တာူကျေးရွာတွင် ကြက်၊ဝက်၊ဘဲ၊ဆိတ်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး ရေလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။

### (၃) ပညာရေး

လိတ္တာူကျေးရွာ၏အရှေ့ဘက်တွင် အထက်တန်းကျောင်း(ခွဲ)၊အနောက်ဘက်တွင် မူလတန်းကျောင်းတို့ရှိပြီး သွားလာရေးအဆင်ပြေကာ ပညာရေးနှင့်ပတ်သက်၍ အစစအရာရာ အဆင်ပြေပါသည်။

### (၄) ကျန်းမာရေး

လိတ္တာူကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဟသ်ာတပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ယုန်တလင်းဆေးရုံသို့လည်းကောင်း သွားရောက်ကုသနိုင်ပါသည်။ကျေးရွာ၌ ကိုယ်ထူကိုယ်ထ ဆေးပေးခန်းရှိပြီး ကျန်းမာရေးဝန်ထမ်းမရှိသောကြောင့် အနည်းငယ်အခက်အခဲ ရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ လိတ္တာူကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေးစီမံကိန်းများ ရေးဆွဲထားပါသည်။

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၈ မှ ၂၀၂၃ )၅ နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများဖြင့် ဝင်ငွေတိုးတက် စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာ ဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်သွား ပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် လိတ္တူကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာ ကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက် လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်

အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်း စနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ် အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

## လိပ်ခုံးအုပ်စု၊လိတ္တာကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁။ | လမ်းတံတား | ကျေးရွာတွင်းလမ်းချောင်း ကျောက်ခင်းခြင်း | ၅၀ | ၁ |
| ၂။ | မီးလင်းရေး | လျှပ်စစ်ဓါတ်အားမီးရရှိရေး | ၄၇ | ၂ |
| ၃။ | စိုက်ပျိုးရေး | စပါးအထွက်တိုးအောင်ဆောင်ရွက်ခြင်း | ၄၄ | ၃ |
| | | ဈေးကွက် ကောင်းမွန်ပြီး အကျိုးအမြတ်ရရှိစေမည့် သီးနှံရွေးချယ်စိုက်ပျိုးနိုင် အောင်ဆောင်ရွက်ခြင်း | | |
| ၄။ | စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ | အသက်မွေးဝမ်းကြောင်းလုပ်ငန်း ကျွမ်းကျင်မှု တိုးတက်ရေး ဆောင်ရွက်ခြင်း | ၄၂ | ၄ |
| | | ကျေးရွာလူထုအတွက် အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း | | |
| ၅။ | မွေးမြူရေး | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း | ၃၀ | ၅ |
| ၆။ | ကျန်းမာရေး | • ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ပညာပေးအစီအစဉ်များ၊ ဟောပြောပွဲများတိုးချဲ့ ဆောင်ရွက်ခြင်း<br>• အရေးပေါ်ကျန်းမာရေးကိစ္စများ အကူအညီပေး ရေးလုပ်ငန်းများ တည်ထောင်ခြင်း | ၂၉ | ၆ |
| ၇။ | ပညာရေး | ကျောင်းပရိဘောဂများ၊ သင်ထောက်ကူပစ္စည်း များပြည့်စုံအောင်ဆောင်ရွက်ခြင်း | ၂၂ | ၇ |
| ၈။ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်ဘက်စုံဖွံ့ဖြိုးရေး(ကာယ၊ဉာဏ၊ စာရိတ္တ၊ပရဟိတ) စီစဉ် အားပေးခြင်း။ | ၂၀ | ၈ |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထား သည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းချောင်း ကျောက်ခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | လျှပ်စစ်ဓါတ်အားမီးရရှိရေး | ၂ | | ✔ | ✔ | | |
| ၃။ | • စပါးအထွက်တိုးအောင်ဆောင်ရွက်ခြင်း<br>• ဈေးကွက် ကောင်းမွန်ပြီး အကျိုးအမြတ်ရရှိစေမည့် သီးနှံရွေးချယ်စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ခြင်း | ၃ | | ✔ | ✔ | ✔ | ✔ |
| ၄။ | • အသက်မွေးဝမ်းကြောင်းလုပ်ငန်း ကျွမ်းကျင်မှု တိုးတက်ရေး ဆောင်ရွက်ခြင်း<br>• ကျေးရွာလူထုအတွက် အသေးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း | ၄ | | ✔ | ✔ | | |
| ၅။ | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း | ၅ | | | ✔ | | |
| ၆။ | • ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ပညာ ပေးအစီအစဉ်များ၊ ဟောပြောပွဲများတိုးချဲ့ ဆောင်ရွက်ခြင်း<br>• အရေးပေါ်ကျန်းမာရေးကိစ္စများ အကူအညီပေး ရေးလုပ်ငန်းများ တည်ထောင်ခြင်း | ၆ | | | | ✔ | ✔ |
| ၇။ | ကျောင်းပရိဘောဂများ၊ သင်ထောက်ကူပစ္စည်း များပြည့်စုံအောင်ဆောင်ရွက်ခြင်း | ၇ | ✔ | | | ✔ | ✔ |

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၈။ | လူငယ်ဘက်စုံဖွံ့ဖြိုးရေး(ကာယ၊ဉာဏ၊ စာရိတ္တ၊ပရဟိတ) စီစဉ်အားပေးခြင်း။ | ၈ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်း ဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | | | ✔ | | |
| ၂။ | လျှပ်စစ်ဓါတ်အားမီးရရှိရေး | | | ✔ | | |
| ၃။ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✔ | |
| ၄။ | သင့်တင့်သောချေးပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ပေးခြင်း | | | ✔ | | |
| ၅။ | စီးပွားရေးပိုမိုတိုးတက်လာစေရန် | | | ✔ | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၆။ | ကျေးလက်ဆေးပေးခန်းရရှိရန် | | | ✔ | | |
| ၇။ | ပညာရေးနှင့်ပတ်သက်သောသင်ထောက်ကူပစ္စည်းများရရှိရေး | | | ✔ | | |
| ၈။ | လူငယ်များကစားကွင်းရရှိရေး | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

